မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည်

လူသားနှင့်အနီးကပ်ဆုံးအချိန်မှာ

ည၏နောက်ဆုံးပိုင်းဖြစ်ပြီး

အဗူအုမာမဟ် ကပြောသည်မှာ အမ်ရုဗ်နုအဗစဟ်(ရဿွိယလ္လာဟုအန်ဟု)က
ကျွန်ုပ်အားဆင့်ပြန်ခဲ့သည်။ သူသည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်ကို ကြားခဲ့သည်။ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။
မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည် လူသားနှင့်အနီးကပ်ဆုံးအချိန်မှာ
ည၏နောက်ဆုံးပိုင်းဖြစ်ပြီး အကယ်၍အသင်သည် ယင်းအချိန်၌အလ္လာဟ်အရှင်မြတ်အား
သတိရတသနေသူများအနက်မှဖြစ်နိုင်ပါက ဖြစ်လိုက်ပါလေ။ [صحيح] [رواه أبو داود والترمذي والنسائي]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ အရှင်မြတ်သည်ည၏နောက်ဆုံးသုံးပုံတစ်ပုံအချိန်တွင် လူသားနှင့်အလွန်နီးကပ်စွာ ရှိတော်မူ၏။သို့ဖြစ်၍ အို-မုအ်မင်သက်ဝင်ယုံကြည်သူ၊ အကယ်၍ သင်သည် ထိုအချိန်၌အရှင်မြတ်အားခဝပ်ကိုးကွယ်သူများ၊ ဆွလာသ်ဝတ်ပြုသူများ၊ သတိရတသသူများ၊သောင်ဝ်‌ဗဟ်အမှားဝန်ချတောင်းပန်သူများ အနက်မှဖြစ်နိုင်ပါက ဤသည် အဖိုးမဖြတ်နိုင်သောအခွင့်အရေး၊ ကြိုးစားအားထုတ်ရ‌သောအချိန်ဖြစ်သောကြောင့် အသင်သည်၎င်းတို့အနက်မှဖြစ်လိုက်ပါလေ။

https://sunnah.global/hadeeth/my/show/3236